ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၀၀ / ၂၀၂၁

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက် )

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ**

**ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာပုဂ္ဂိုလ်များအား သတ်မှတ်ထားသောဘွဲ့များ၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်နိုင်ရန် " **ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့** " ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | နာယက |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာနနှင့်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (ဆ) | တွဲဖက်စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |

(ဇ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

၂။ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့သည် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ အရည်အချင်းအလိုက် ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် သတ်မှတ်ထားသောဘွဲ့များ၊ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ တံဆိပ်များအား ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ်ရမည်။

(ခ) သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို သံဃာတော်များ၊ သီလရှင်များအား ဆက်ကပ်လှူဒါန်းခြင်းနှင့် လူပုဂ္ဂိုလ်များအား ~~သာသနာပြုဘွဲ့၊ သာသနာ့နုဂ္ဂဟဘွဲ့များ~~ ချီးမြှင့်အပ်နှင်းရန် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်၊ အခန်း (၁၃) နှင့်အညီ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ်ရမည်။

(ဂ) နိုင်ငံခြားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များနှင့် ပုဂ္ဂိုလ်များအား ထိုက်သင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသင့်ကြောင်း တွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ သို့ တင်ပြရမည်။

(ဃ) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသင့်ကြောင်း အဆင့်ဆင့် ထောက်ခံတင်ပြခြင်း မရှိစေကာမူ အထူးထိုက်သင့်သောကိစ္စရပ်များအတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား ဂုဏ်ထူးဆောင်ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသင့်ကြောင်းတွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(င) ပြည်ပကျူးကျော်မှုများနှင့် ပြည်တွင်းအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ပျက်ပြားသည့်အခြေအနေတစ်ရပ်ရပ်အရ တိုက်ပွဲဝင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း ခံထိုက်သည့်ကိစ္စများကို အခါအားလျော်စွာ အထူးအမိန့်ပြန်တမ်းထုတ်ပြန်လျက် ပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(စ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏အစီအစဉ်ဖြင့် ဆုတံဆိပ်၊ ဆုလက်မှတ်စသည့် ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ရာတွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ် များဆိုင်ရာ ပြဋ္ဌာန်းချက်ပါ ဂုဏ်ထူးဆောင်ဘွဲ့အမည်၊ ဂုဏ်ထူးဆောင်တံဆိပ် အမည်နှင့် ပုံသဏ္ဌာန်များအား အသုံးပြုခြင်း၊ တူညီခြင်းမရှိစေရန် စိစစ်ရမည်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၃ - ၄ - ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၄ / ၂၀၁၉ နှင့် ၁၁ - ၆ - ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၀ / ၂၀၁၉ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ